ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အမ်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ဒါးလက်ကျေးရွာအုပ်စု၊ ကံလက်ကျေးရွာ

၂၀၁၇ခုနှစ်　　　　အမ်းမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ ၁

၂။ ကျေးရွာအုပ်စုမြေပုံ ၂

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ၃

၄။ ကျေးရွာအခြေခံအချက်အလက်များ ၄

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) ဇယား။ ၆

၆။ကျေးရွာလူမှုရေးပြဿနာတပြမြေပုံ ၈

၇။ ကျေးရွာလူမှုရေးပြဿနာတပြမြေပုံသုံးသပ်ချက် ၉

၈။ရာသီခွင်ပြဇယားပုံ ၁၀

၉။ရာသီခွင်ပြဇယားပုံသုံးသပ်ချက် ၁၁

၁၀။ ဦးစားပေးလုပ်ငန်းခွဲများနှိုင်းယှဉ်ရွေးချယ်ခြင်းပြဇယား ၁၂

၁၁။ဦးစားပေးလုပ်ငန်းခွဲများနှိုင်းယှဉ်ရွေးချယ်ခြင်းပြဇယားသုံးသပ်ချက် ၁၃

၁၂။ ပြဿနာသစ်ပင်ပြပုံ ၁၄

၁၃။ပြဿနာသစ်ပင်ပြပုံသုံးသပ်ချက် ၁၅

၁၄။ ကျေးရွာတွင်းအဖွဲ့အစည်းများအကြားချိတ်ဆက်မှုပြဇယား ၁၆

၁၅။ ကျေးရွာတွင်းအဖွဲ့အစည်းများအကြားချိတ်ဆက်မှုပြဇယားသုံးသပ်ချက် ၁၇

၁၆။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းပြဇယား ၁၈

၁၇။ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းပြဇယားသုံးသပ်ချက် ၁၉

၁၈။ ပင့်ကူအိမ်ကွန်ယက်ဇယား ၂၀

၁၉။ ပင့်ကူအိမ်ကွန်ယက်ဇယားသုံးသပ်ချက် ၂၁

၂၀။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ၂၂

၂၁။ ကျေးရွာအချက်အလက် (ပုံစံ-၁) ၂၃

၂၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ၂၆

၂၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ၂၈


၂၄။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ၃၈

၂၅။ အစည်းအဝေးမှတ်တမ်းများ ၃၉


၂၆။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၄၂

၂၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု ( Check List) ၄၃

## ၁။ အမ်းမြို့နယ်မြေပုံ


အမ်းမြို့နယ်ကျေးရွာအုပ်စု၊ ကျေးရွာအညွှန်းပြမြေပုံ
စေတုတ္တရာမြို့နယ်
မင်းပြားမြို့နယ်
ငဖဲမြို့နယ်
မြေပုံမြို့နယ်
စစ်တွေသို့
မင်းဘူးသို့
မင်းတုန်းမြို့နယ်
မအီမြို့နယ်ခွဲ
မအီသို့
ကျောက်ဖြူမြို့နယ်
ရမ်းဗြဲမြို့နယ်

## ၂။ ဒါးလက်အုပ်စုမြေပုံ



## ၃။ ဒါးလက်အုပ်စုရှိကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | ကျေးရွာအမည် |
|---|---|---|---|
| ၁ | ဒါးလက် | လုံးတုံ | ကျောက်ဆင် |
| | | ဝင်ဝ | ပင်းဖျား |
| | | ညောင်ချောင်း | ဖားပြို |
| | | နေပစေး | ကျောက်ကြီး |
| | | ဘွေးဝ | ကွမ်းဝ(ဒါးလက်) |
| | | ပေါင်းဝ | ဇရပ်ကွင်း |
| | | မော်စွန်း | လိပ်ကုန်း |
| | | ကွမ်းဝ (အေးချောင်း) | ကြော့ဝ |
| | | သဖန်းပင် | အရိုးတောင် |
| | | ဖုံသီး | အောက်ရွာဟောင်း |
| | | နန်းရာကုန်း | အထက်ရွာဟောင်း |
| | | ဂုတ်ဝ | ကွေ့ရှည် |
| | | အမ်းပြ | အလယ်ကျွန်း |
| | | ကံလက် | တောင်ရွာ |
| | | သင်္ကန်းအိုင် | အလယ်ရွာ |
| | | သဘော်မှောက် | မြောက်ရွာ |
| | | ရှမ်းကုန်း | မီးချောင်း |
| | | အနောက်ရွာ | နှမ်းချောင်း |
| | | မင်္ဂလာဒုံ | ညောင်ပင်ကွင်း |
| | | နတ်မော် | ညောင်ခြေထောက် |

## ၄။ ကျေးရွာအခြေခံအချက်အလက်

### (၁) ကျေးရွာသမိုင်းအကျဉ်း

ကံလက်ကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း (၁၅၀)ခန့်က စတင်တည်ထောင်ခဲ့သည်ဟု သိရှိရသည်။ ကျေးရွာကို စတင်တည်ထောင်ခဲ့သူမှာ ရွာသူကြီး ဦးကွေဟုသိရှိရကာ ကျေးရွာတည်ထောင်စတွင် အိမ်ခြေ (၁၅)အိမ်ခန့်ရှိပြီး ချင်းလူမျိုးများဖြစ်ကြသည်။ ကံလက်ကျေးရွာဟုခေါ်တွင်ရခြင်းမှာ ကံလန့်တောင်ကို အစွဲပြု၍ခေါ်တွင်ရခြင်းဖြစ်သည်။ ကံလက်ကျေးရွာတွင် နေထိုင်သူများသည် ရှေးယခင်က ရိုးရာနတ်ကိုးကွယ်သူများ ဖြစ်ကြပြီး ယခုအခါ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင်များ နေထိုင်လျှက်ရှိကြသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းကို (၁၉၉၄)ခုနှစ်တွင် စတင်တည်ဆောက်ကိုးကွယ်ခဲ့ပြီး၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ကို (၁၉၉၅)ခုနှစ်တွင် တည်ဆောက်ကိုးကွယ်ခဲ့ကြသည်။ ကံလက်ကျေးရွာတွင် လက်ရှိအချိန်၌ အိမ်ခြေ (၅၃)အိမ်ရှိရာ ဗုဒ္ဓဘာသာဝင် (၄၀)၊ ခရစ်ယာန်ဘာသာဝင် (၁၃)အိမ်ရှိပြီး၊ ချင်းလူမျိုး (၅၁)အိမ်နှင့် ရခိုင်လူမျိုး (၂)အိမ်တို့နေထိုင်လျှက်ရှိကြသည်။ ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ ဂါးခုတ်ခြင်း၊ တောင်ယာစိုက်ပျိုးခြင်း၊ ကိုင်းစိုက်ပျိုးခြင်းနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးခြင်းတို့ ဖြစ်ကြသည်။ ဘာဘာဝဘေးအန္တရာယ်အဖြစ် (၁၉၇၀)ခုနှစ်နှင့် (၂၀၁၅)ခုနှစ်တို့တွင် ရေကြီးနစ်မြုပ်မှုများကြုံတွေ့ခံရကာ (၂၀၁၇)ကြွက်များ အစုလိုက်အပြုံလိုက် ကျရောက်ပြီး တောင်ယာစပါးများအား ဖျက်ဆီးမှုနှင့်လည်း ကြုံတွေ့ခဲ့ရသည်။ ကျေးရွာ၏ အဓိကသွားလာရေးမှာ ရေကြောင်းဖြင့်သွားလာရသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသဖြစ်သည်။

### (၃)လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၂- | ၂ | - | ၂ |

### (၄)ထိခိုက်လွယ်အုပ်စုများ

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂ | ၁ | ၁ | ၂ |

### (၅)အဓိကစီးပွားရေးလုပ်ငန်း

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| ဉယျာဉ် | ကြက် | လက်လီလက်ကားဈေးဆိုင် | ကျပန်း |
| ကိုင်း | ဂက် | | |
| | | | |
| | | | |

### (၆) ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | လယ် | ကိုင်း | တောင်ယာ | စားကျက်မြေ | နှစ်ရှည်စိုက်ခင်း | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း/စိမ့် စမ်းရေသွယ် | ချောင်းရေသောက်သုံးမှု |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | မရှိ | ၂၈ | မရှိ | မရှိ | ၄၅ | ရှိ | ၁ | မရှိ | ရှိ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | ဆိုင်ကယ် | စက်လှေ | စပါးကြိတ် စက် | ဈေးဆိုင် | မီးစက် | | |
| အရေအတွက် | မရှိ | မရှိ | မရှိ | ၅ | ၁ | ၂ | မရှိ | | |

### (၇) ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ကျွဲ | နွား | ကြက် | ဝက် | ဆိတ် | လုပ်သား | ကျွမ်းကျင်လုပ်သား |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | မရှိ | မရှိ | မရှိ | မရှိ | ၁၃၀ | ၅ | မရှိ | ရှိ | မရှိ |

### (၈) ကျေးရွာရှိအသုံးပြုနိုင်သောအရင်းအမြစ်/ အချက်အလက်များ

| အရင်းအမြစ် | ဆေးရုံ/ဆေးခန်း | အ.မ.က/အ.လ.က/အ.ထ.က | ဈေး | မြေတူးစက် | လမ်းကြိတ်စက် | မြေသယ်ကား | ကွန်ကရစ် ဖျော်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | မရှိ | အ.မ.က | မရှိ | မရှိ | မရှိ | မရှိ | မရှိ |


၅။ လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ ( Social Map / Resource Map) | ၇.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ | ၄ | ၄ | ၈ | ကျေးရွာနယ်နိမိတ်အတွင်းရှိ အိမ်ခြေ၊လယ်မြေ၊စိုက်ခင်း၊ဘုရားပုထိုးများစသောကျေးရွာ၏လက်ရှိအခြေအနေနှင့်ပိုင်ဆိုင်မှုပြအခြေအနေများကိုရေးဆွဲဖော်ထုတ်ခဲ့ါသည်။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် ( Seasonal Calender) | ၇.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ | ၃ | ၄ | ၇ | ကျေးရွာရှိရွာသူရွာသားများ၏ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ စိုက်ပျိုးချိန် ရိတ်သိမ်းချိန်၊ တိရိစ္ဆာန်များရောဂါဖြစ်ပွားမှု၊ သီးနှံများပိုးမွှားကျရောက်မှု၊ ရာသီပွဲ တော်များ၊ ကျေးရွာမှ လူများဝင်ငွေ ရရှိမှုအခြေအနေများကို ကျေးရွာမှ လူများပါဝင်ဆွေးနွေး ရေးဆွဲကြ သည်။ |
| ၃ | ကျေးရွာ၏ဦးစားပေး အစီအစဉ်ပြဇယား (Metric Ranking) | ၇.၁.၂၀၁၇ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု | ၁၃ | ၂၃ | ၃၆ | ကျေးရွာသူကျေးရွာသားများ ၏ ကျေးရွာအတွက် အဓိက လိုအပ်သောစီမံကိန်းလုပ်ငန်း ခွဲများကိုညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄ | ပြဿနာသစ်ပင် ( Problem Tree) | ၇.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ၊ | ၅ | ၆ | ၁၁ | ကျေးရွာသူအများစုရွေးချယ်ခဲ့သောစီမံကိန်းလုပ်ငန်းခွဲ၏ကျိုး ကြောင်းဆက်စပ်မှုများကို ပြဿနာသစ်ပင်ဖြင့်စိစစ်သုံးသပ်ခဲ့ကြသည်။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၇.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊ ကော်မတီဝင်များ ကျေးရွာအုပ် ချုပ်ရေးအဖွဲ့ဝင်များ | ၃ | ၂ | ၅ | ကျေးရွာအတွင်းတွင်ရှိနေသောလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | လူမှုစီးပွားအဆင့်သတ်မှတ် ခြင်း<br>( Wealth Ranking) | ၇.၁.၂၀၁၇ | ချမ်းသာ၊<br>အလယ်အလတ်၊<br>နွမ်းပါး | ၅ | ၅ | ၁၀ | ကျေးရွာအတွင်းရှိ လူများအကြားငွေကြေးပစ္စည်းဥစ္စာ၊ဓနအင်အားပိုင်ဆိုင်မှုအဆင့်ခွဲခြားပြသခြင်းဖြင့် ကျေးရွာအတွက် လိုအပ်မည့် ဝင်ငွေ ရရှိရေးအစီအစဉ်များကိုထည့်သွင်းစဉ်းစားနိုင်ရန်စဉ်းစား ခဲ့ကြသည်။ |
| ၇ | ပင့်ကူအိမ်ကွန်ယက်<br>(Spider Web) | ၇.၁.၂၀၁၇ | ကျေးရွာသူကျေးရွာသားများ၊<br>အမျိုးသားအုပ်စု၊<br>အမျိုးသမီးအုပ်စု | ၇ | ၈ | ၁၅ | အမျိုးသားနှင့်အမျိုးသမီးများ အကြားအလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူး အခွင့်အရေး၊ ပညာ သင်ကြားနိုင်မှု၊ ဘဝလုံခြုံမှု စသည့် အခြေအခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များတစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## ၆။ ကံလက်ကျေးရွာလူမှုရေးပြနှင့် အရင်းအမြစ်ပြမြေပုံ



## ၇။ ဒါးလက်အုပ်စု၊ သက်နက်အိုင်ကျေးရွာမြေပုံသုံးသပ်ချက်

| | | |
|---|---|---|
| တည်နေရာ။ | လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၈၆ မိနစ် | လတ်တီတွဒ်- ၂၀ဒီဂရီ ၇၂ မိနစ် |

ကံလက်ကျေးရွာသည် ဒါးလက်ချောင်း၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး မြောက်ဘက်နှင့် အနောက်ဘက်တွင် ဥယျာဉ်ခြံမြေများနှင့် ရခိုင်ရိုးမတောင်စွယ်တောင်တန်းများ၊ တောင်ဘက်တွင် ကံလက်ချောင်းတို့ ကဝန်းရံလျှက်ရှိသည်။ ကံလက်ကျေးရွာသို့ အဓိကဆက်သွယ်သွားလာနိုင်မည့် လမ်းကြောင်းမှာ ရေလမ်းကြောင်းဖြစ်ပြီး မိုးတွင်းကာလရေကြီးချိန်နှင့် နွေရာသီရေခန်းခြောက်သည်ကာလများတွင် သွားလာရအလွန်ခက်ခဲနိုင်သည်ကို တွေ့ရသည်။ ကျေးရွာမြေပုံကိုလေ့လာခြင်းဖြင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းနှင့်ခရစ်ယာန်ဘုရားကျောင်းများအား ဘာသာရေးအဆောက်အဦးများအဖြစ် တွေ့ရသဖြင့် ဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဘာသာဝင်များ ယှဉ်တွဲနေထိုင်သည့် ကျေးရွာဖြစ်သည်။ ကျေးရွာပတ်ဝန်းကျင်တွင် ဥယျာဉ်မြေနှင့်ကိုင်းမြေအချို့တွေ့ရသဖြင့် ကျေးရွာ၏ စီးပွားရေးနှင့် ဝင်ငွေသည်လည်း ၎င်းစိုက်ပျိုးရေးလုပ်ငန်းများအပေါ်တွင် မှီခိုနေသည်ဟု ထင်ရကာ အ.မ.ကကျောင်းကိုတွေ့ရသဖြင့် မူလတန်းပညာသင်ကြားနိုင်သော်လည်း အ.လ.ကနှင့် အ.ထ.ကကျောင်းများရှိရာ ဒေသနှင့် ဝေးကွာနေသည့်အတွက် ပညာရေးလက်လှမ်းမှီမှု အားနည်းနေသည်ကို တွေ့နိုင်သည်။ ကျေးရွာတွင် ကျန်းမာရေးအဆောက်အဦးမတွေ့ရှိရသဖြင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် အလှမ်းဝေးကွာနေသည်ဟု ကျေးရွာမြေပုံကို ကြည့်ခြင်းအားဖြင့် သုံးသပ်ရပါသည်။

| | |
|---|---|
| အဖြစ်များသောရောဂါ | ငှက်ဖျား |
| အိမ်သာသုံးစွဲမှု၊ ယင်လုံအိမ်သာသုံးစွဲမှု | အနည်းငယ်ရှိ |
| ကြုံတွေ့ရသော သဘာဝသေးအန္တရာယ် | ရေဘေး |
| စာသင်ကျောင်း၊ ဆေးပေးခန်း၊ | ရှိ၊ မရှိ |
| ကျောင်းသားအရေအတွက် | ၄၀ ဦး |
| တက္ကသိုလ်ဝင်တန်းအောင် - | မရှိ |
| ကျေးရွာတွင်အဓိကကြုံတွေ့နေရသောအခက်အခဲ - | သွားလာရေးခက်ခဲမှုရှိ |

## ၈။ ရာသီခွင်ပြဇယား

ရာသီအလိုက်ဖြစ်ပေါ်မှု အခြေအနေပြ ပြက္ခဒိန် ရေးဆွဲခြင်း

ကျေးရွာအမည် ကံဘက်

နေ့စွဲ၊ ၁၂.၁.၁၇

| အကြောင်းအရာ | တပေါင်း | တန်ခူး | ကဆုန် | နယုန် | ပါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| မိုးများသောလ | | | | | | | | | | | | |
| ရေကြီး/ မုန်တိုင်း | | | | | ရေကြီး မြစ်ရေလျှံ | ရေကြီး မြစ်ရေလျှံ | | | | | | |
| ရာသီပွဲတော်များ | | သင်္ကြန် | ညောင်ရေသွန်ပွဲ | | ဝါဆိုသင်္ကန်းကပ်ပွဲ | | | မီးထွန်းပွဲ | ကထိန်ပွဲ | | | ထမနဲပွဲ |
| အလုပ်များသောလ | များ | သင့် | သင့် | များ | နည်း | နည်း | နည်း | များ | များ | သင့် | များ | သင့် |
| ဝင်ငွေကောင်းသောလ (လယ်၊ ခြံ) | များ | များ | သင့် | နည်း | နည်း | နည်း | သင့် | သင့် | များ | များ | သင့် | များ |
| ဝင်ငွေကောင်းသောလ (လက်လုပ်လက်စား) | များ | သင့် | သင့် | များ | သင့် | နည်း | နည်း | နည်း | များ | သင့် | သင့် | သင့် |
| သောက်သုံးရေ ရရှိမှု | နည်း | နည်း | သင့် | သင့် | များ | များ | များ | များ | များ | များ | သင့် | သင့် |
| ရောဂါဖြစ်ပွားမှု | | | | | ငှက်ဖျား | ငှက်ဖျား | တုပ်ကွေး | တုပ်ကွေး | | | | |

## ၉။ ရာသီခွင်ပြဇယားသုံးသပ်ချက်

ကံလက်ကျေးရွာ၏ ကျေးရွာသားများသည် တန်ခူးလတွင် ငှက်ပျော်ပင်များ စိုက်ပျိုးခြင်းဖြင့် လုပ်ငန်းစတင်ကြရသည်။ တန်ခူး၊ ကဆုန်လများသည် သီဟိုဠ်စေ့ ကောက်ချိန်ဖြစ်သည်။ ကြက်၊ ဝက်၊ ဆိတ်များ မွေးမြူကြသည်။ သင်္ကြန်ပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြသည်။ ကဆုန်လမှ စတင်ကာ တောင်ယာများ စပါးပျိုးရန် ခုတ်ထိုးကြရပါသည်။

နယုန်လများတွင် တောင်ယာစပါးခင်းများတွင် ပေါင်းနုတ်ခြင်း၊ ပြောင်းပင်များစိုက်ပျိုး ကြပါသည်။ ဝါဆို၊ ဝါခေါင်လများတွင် နှမ်း၊ မြေပဲများစတင် စိုက်ပျိုးကြပါသည်။ ဂါးများခုတ်ကြပါသည်။ တော်သလင်းလတွင် ပေါင်ပင်များရှင်းလင်းကြရပါသည်။ သီတင်းကျွတ်လတွင် စပါးကိုရိတ်သိမ်း ကြရပါသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများသည် မီးထွန်းပွဲ၊ ကထိန်ပွဲများကိုလည်း ပြုလုပ် ကျင်းပကြပါသည်။ သစ်ခုတ်၊ ဂါးခုတ်လုပ်ငန်းများ လုပ်ဆောင်ကြသဖြင့် ဝင်ငွေတိုးပွားသောလ ဖြစ်သည်။

နတ်တော်၊ ပြာသိုလများတွင် ဖရဲခင်းများ၊ ဆေးရွက်ကြီးတို့ကို စိုက်ပျိုးကြပြီး ဖြစ်သည်။ တပို့တွဲ၊ တပေါင်းလများတွင် ငှက်ဖျားများအဖြစ်များကြပါသည်။ ဤလများတွင် ဝင်ငွေနည်းပါးကြသည်ကို တွေ့ရှိရပါသည်။ ရေခမ်းခြောက်မှုပြဿနာကြောင့် ဝမ်းပျက်၊ ဝမ်းလျောရောဂါဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိကြပါသည်။

၁၀။ ကျေးရွာဦးစားပေးအစီအစဉ်ဇယား

ဆောင်ရွက်ရန်လိုအပ်ချက်များကို ဦးစားပေး ရွေးချယ်ခြင်း

ကျေးရွာအမည်...[illegible]........ နေ့စွဲ။ ၄.၁.၁၇

| အကြောင်းအရာ | ၁ စိုက်ပျိုးရေ | ၂ ဘက်စုံသုံးခန်းမ | ၃ [illegible] | ၄ | ၅ | ၆ | ၇ | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|---|---|---|---|---|
| ၁ စိုက်ပျိုးရေ | | စိုက်ပျိုးရေ | စိုက်ပျိုးရေ | | | | | ၂ | ၁ |
| ၂ ဘက်စုံသုံးခန်းမ | | | ဘက်စုံသုံးခန်းမ | | | | | ၁ | ၂ |
| ၃ [illegible] | | | | | | | | ၀ | ၃ |
| ၄ | | | | | | | | | |
| ၅ | | | | | | | | | |
| ၆ | | | | | | | | | |
| ၇ | | | | | | | | | |